ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

အမိန့်ကြော်ငြာစာအမှတ် ၂၆ / ၂၀၂၁
၁၃၈၂ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၀ ရက်
( ၂၀၂၁ ခုနှစ် ၊ မတ်လ ၈ ရက် )

၁။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ပို့ကုန်သွင်းကုန်ဥပဒေပုဒ်မ ၁၃ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၂။ လုပ်ငန်းသုံးမော်တော်ယာဉ်အရောင်းစင်တာ (Sale Centre) တွင် ရောင်းချရန် မော်တော်ယာဉ်တင်သွင်းရာ၌ အောက်ဖော်ပြပါ စည်းကမ်းချက်များအတိုင်း လိုက်နာဆောင်ရွက်ရမည် -

(က) လုပ်ငန်းသုံးမော်တော်ယာဉ် အရောင်းစင်တာဖွင့်လှစ်မည့် ကုမ္ပဏီသည် တစ်ဖက်ကုန်ရောင်းသူနှင့် ချုပ်ဆိုထားသည့် သဘောတူစာချုပ် (Agreement) ကို တင်ပြ၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတွင် မှတ်ပုံတင်ရမည်။

( ခ ) မော်တော်ယာဉ်အရောင်းစင်တာ ဖွင့်လှစ်ခွင့်ဆောင်ရွက်နေသည့် ကုမ္ပဏီသည် ပြည်တွင်းအခွန်များဦးစီးဌာနတွင် အခွန်ကင်းရှင်းကြောင်း ထောက်ခံချက် တင်ပြမှသာ လုပ်ငန်းဆောင်ရွက်ခွင့်ပြုမည်။

( ဂ ) လုပ်ငန်းသုံးမော်တော်ယာဉ် အရောင်းစင်တာဖွင့်လှစ်ဆောင်ရွက်မည့် ကုမ္ပဏီသည် အာမခံငွေ (Deposit) အဖြစ် မြန်မာကျပ်ငွေ သိန်း ၁၀၀၀ ကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ အသိအမှတ်ပြုထားသည့် ဘဏ်တွင် သီးခြားငွေစာရင်းဖွင့်လှစ်၍ ထည့်သွင်းသိမ်းဆည်းထားရမည်။

(ဃ) လုပ်ငန်းသုံးမော်တော်ယာဉ်အရောင်းစင်တာ (Sale Center) တွင် ရောင်းချမည့် မော်တော်ယာဉ်များကိုတင်သွင်းရာ၌ ငွေလွှဲစာတမ်းဖြင့်ပေးချေသည့်စနစ် (Letter of Credit – LC) သို့မဟုတ် ကြေးနန်းငွေလွှဲပို့နည်းစနစ် (Telegraphic Transfer – TT) ဖြင့် တင်သွင်းနိုင်သည်။

( င ) မော်တော်ယာဉ်များကို တင်သွင်းရာတွင် တင်သွင်းခွင့်ပြုသည့် လိုင်စင်သက်တမ်းကာလအတွင်းဆိပ်ကမ်း သို့မဟုတ် သက်ဆိုင်ရာနယ်စပ် ကုန်သွယ်ရေးစခန်းအရောက် တင်သွင်းရမည်။

( စ ) လုပ်ငန်းသုံးမော်တော်ယာဉ်အရောင်းစင်တာတွင် ရောင်းချရန်အတွက် တင်သွင်းလိုသည့် မော်တော်ယာဉ်အရေအတွက်၊ ယာဉ်အမျိုးအစား၊ ထုတ်လုပ်ခုနှစ် (Model Year) တို့နှင့်စပ်လျဉ်း၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက

အခါအားလျော်စွာ ထုတ်ပြန်သည့် အရေအတွက်အတိုင်းသာ တင်သွင်းရမည် ဖြစ်ပြီး နှစ်စဉ်အတည်ပြုထုတ်ပြန်သော မော်တော်ယာဉ်အမျိုးအစားများနှင့် ထုတ်လုပ်သည့်ခုနှစ် (Model Year) များအတိုင်းသာ တင်သွင်းရမည်။

(ဆ) တင်သွင်းလာသော မော်တော်ယာဉ်များကို သတ်မှတ်ထားသော မော်တော်ယာဉ် အရောင်းစင်တာတွင်သာ ထားရှိရမည်။ ယင်းအရောင်းစင်တာမှအပ ဝယ်သူအား ရောင်းချခြင်းမပြုမီ လမ်းများပေါ်တွင် မောင်းနှင်အသုံးပြုခြင်း လုံးဝ (လုံးဝ) မပြုလုပ်ရ။

(ဇ) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့် သက်ဆိုင်ရာ စည်ပင်သာယာရေးအဖွဲ့များထံမှ လုပ်ငန်းလုပ်ကိုင်ခွင့်ကို လုပ်ထုံးလုပ်နည်းများ နှင့်အညီ ဆောင်ရွက်ရမည်။

(ဈ) အရောင်းစင်တာဖွင့်လှစ်မည့်နေရာသည် အောက်ပါသတ်မှတ်ချက်များနှင့် ကိုက်ညီ ရမည် -

(၁) လုပ်ငန်းသုံးမော်တော်ယာဉ် အရောင်းစင်တာ အကျယ်အဝန်းသည် အနည်းဆုံးစတုရန်းပေ ၉၀၀၀ ရှိရမည်။ လူနေအိမ်အဆောက်အအုံတွင် ဖွင့်လှစ်ထားခြင်းမဖြစ်ရ။

(၂) မော်တော်ယာဉ်များရပ်နား၍ ပြသရန်အတွက် အနည်းဆုံးအမိုးအကာ (၃) ဘက် ကာရံထားသော အရောင်းစင်တာ အဆောက်အအုံစတုရန်းပေ ၃၀၀၀ ရှိရမည်။ ( ဥပမာ – ၅၀ ပေ x ၆၀ ပေ )

(၃) အရောင်းစင်တာရုံးခန်းသည် စတုရန်းပေ ၃၀၀ ရှိရမည်။ ဧည့်နားနေခန်းသည် စတုရန်းပေ ၂၀၀ ရှိရမည်။

(၄) မြေပိုင်ဖြစ်လျှင် ကုမ္ပဏီဒါရိုက်တာတစ်ဦးဦး၏ နာမည်ပေါက် ဂရန်မူရင်းကို လည်းကောင်း၊ မြေငှားဖြစ်လျှင် တံဆိပ်ခေါင်းကပ်ထားသည့် အငှားစာချုပ် မူရင်းအပေါ် စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်ထားသည့် အထောက်အထားကိုလည်းကောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနသို့ တင်ပြရမည်ဖြစ်ပြီး အငှားစာချုပ်ဖြစ်လျှင် စာချုပ်မူရင်းတွင် ကုမ္ပဏီဒါရိုက်တာတစ်ဦးဦးက လက်မှတ်ရေးထိုးထားရမည်။

(၅) စာချုပ်စာတမ်းများမှတ်ပုံတင်ဥပဒေပုဒ်မ ၁၆ အရ မရွှေ့မပြောင်းနိုင်သော ပစ္စည်းများကို (၁) နှစ်ပြီး (၁) နှစ် ငှားရမ်းခြင်း၊ (၁) နှစ်ထက်ပို၍ငှားရမ်းခြင်း၊ ငှားရမ်းခကို နှစ်အလိုက် သတ်မှတ်၍ ငှားရမ်းခြင်းစာချုပ်များအား စာချုပ် စာတမ်းများ မှတ်ပုံတင်ခြင်းကို မဖြစ်မနေ ဆောင်ရွက်ပြီး ဖြစ်ရမည်။

(ည) အရောင်းစင်တာများမှ ရောင်းချသည့်မော်တော်ယာဉ်များအား ဝယ်ယူအသုံးပြုသူအနေဖြင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတွင် ဝယ်ယူခွင့်ပါမစ်ရရှိပြီးမှသာ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် ကနဦးမှတ်ပုံတင်ခြင်းဆောင်ရွက်ရမည်။

( ဋ ) လုပ်ငန်းသုံးမော်တော်ယာဉ်အရောင်းစင်တာ ဖွင့်လှစ်ခွင့်ရရှိသည့် ကုမ္ပဏီသည် အရောင်းစင်တာအတွက် ခွင့်ပြုထားသော တင်သွင်းခွင့်လိုင်စင်ကို တစ်ဦးတစ်ယောက်သို့ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း သို့မဟုတ် ရောင်းချခြင်းမပြုရ။

( ဌ ) လုပ်ငန်းသုံး မော်တော်ယာဉ်အရောင်းစင်တာ ဖွင့်လှစ်သည့် ကုမ္ပဏီသည် Normal LC or TT စနစ်ဖြင့် တင်သွင်းခဲ့သည့် မော်တော်ယာဉ်များအား (၂) နှစ်အတွင်း အပြီးရောင်းချပြီး စာရင်းရှင်းလင်းခြင်း ဆောင်ရွက်ရမည်။

( ဍ ) လုပ်ငန်းသုံးမော်တော်ယာဉ် အရောင်းစင်တာတွင် ရောင်းချရန် တင်သွင်းခဲ့သည့် မော်တော်ယာဉ်များနှင့်စပ်လျဉ်း၍ ထားရှိရမည့် စာရွက်စာတမ်း၊ လယ်ဂျာစာရင်း စာအုပ်စသည်တို့ကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ဖြစ်စေ၊ ဝန်ကြီးဌာနက တာဝန်ပေးအပ်ထားသော အဖွဲ့အစည်းကဖြစ်စေ အခါအားလျော်စွာ ဝင်ရောက်စစ်ဆေးခြင်းကို သက်ဆိုင်ရာလုပ်ငန်းရှင်မှ ခွင့်ပြုရမည်။

( ဎ ) အရောင်းစင်တာလက်မှတ်၊ စီးပွားရေးအကျိုးဆောင်မှတ်ပုံတင်လက်မှတ် တို့ကို သက်တမ်းမကုန်မီ ၉၀ ရက် ကြိုတင်၍ သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားနိုင်ပြီး ထိုသို့လျှောက်ထားရာတွင် ပြည်တွင်းအခွန်များဦးစီးဌာနက ထုတ်ပေးသည့် အခွန်ပေးဆောင်ပြီးကြောင်း အထောက်အထားပါရှိရမည်။

(ဏ) ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်း လုပ်ငန်းသုံးမော်တော်ယာဉ် အရောင်းစင်တာဖွင့်လှစ်လိုပါက မြို့တွင်းဧရိယာ (Downtown Area) ၏ ပြင်ပတွင် ဖွင့်လှစ်ခွင့်ပြုပါမည်။

၃။ ပြုပြင်ပြီး ( Reconditioned ) လုပ်ငန်းသုံး မော်တော်ယာဉ်များ တင်သွင်းရာတွင် အောက်ဖော်ပြပါ စည်းကမ်းချက်များနှင့် ကိုက်ညီအောင်ပြုပြင်ထားသည့် လုပ်ငန်းသုံးမော်တော်ယာဉ်များကိုသာ တင်သွင်းရမည် -

(က) လိုအပ်သောအစိတ်အပိုင်းများကို ပြန်လည်အစားထိုးခြင်းအပါအဝင် အကောင်းပကတိပြည့်စုံကြောင်း စစ်ဆေးပြီး၊ တပ်ဆင်ပြီးသော အင်ဂျင်ဖြစ်ရမည်။ (The engine must be tested and checked including the replacement of necessary parts, whether it is in good condition and completely adjusted or not.)

(ခ) လိုအပ်သောအစိတ်အပိုင်းများကို ပြန်လည်အစားထိုးခြင်းအပါအဝင် အပြည့်အဝ ဘေးအန္တရာယ်ကင်းရှင်းရန် ဘရိတ်များမှအစ အသေးစိတ်စစ်ဆေးပြီး ပြန်လည်ပြင်ဆင်ထားသည့်ယာဉ်အောက်ပိုင်းဖြစ်ရမည်။ (The Chassis, including the break and necessary parts, must be overhauled and repaired for accident prevention.)

(ဂ) ပြီးပြည့်စုံသည့်အနေအထားသို့ရောက်သည်အထိ ဆေးသုတ်ပြုပြင်ထားသော ယာဉ်ကိုယ်ထည်ဖြစ်ရမည်။ (The body of vehicle must be completely repaired and painted.)

(ဃ) ယာဉ်အတွင်းပိုင်း သန့်ရှင်းရမည်။ (The interior of the vehicle must be cleaned.)

(င) ဘက်ထရီနှင့် တာယာများ အသစ်ဖြစ်ရမည်။ (New battery and new tyres must be installed.)

(စ) သက်ဆိုင်ရာဌာနများ၏ သတ်မှတ်ထားသော စံချိန်စံညွှန်းကိုက်ညီရမည်။ (ဥပမာ - လူနာတင်ယာဉ်၊ မီးသတ်ယာဉ်၊ အငှားယာဉ်တက္ကစီ) (The vehicle must be in conformity with the required standards prescribed by relevant agencies or ministries.( eg. Ambulance, fire engine, taxi...))

၄။ အပိုဒ် ၂ နှင့် ၃ ပါ စည်းကမ်းချက်များအား လိုက်နာခြင်း မရှိပါက တည်ဆဲဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်သွားမည်။

(ပုံ) ဒေါက်တာပွင့်ဆန်း
ပြည်ထောင်စုဝန်ကြီး
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

စာအမှတ် ၊ စက - ၁၁/၂-၃၇/၂၀၂၁ ( ၃၃ )
ရက်စွဲ ၊ ၂၀၂၁ ခုနှစ်၊ မတ်လ ၈ ရက်

ဖြန့်ဝေခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအုပ်ချုပ်မှုရုံး
ပြည်ထောင်စုလွှတ်တော်ရုံး
ပြည်သူ့လွှတ်တော်ရုံး

အမျိုးသားလွှတ်တော်ရုံး
ပြည်ထောင်စုတရားလွှတ်တော်ချုပ်
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး
ပြည်ထောင်စုဝန်ကြီးဌာနအားလုံး
ပြည်ထောင်စုရှေ့နေချုပ်ရုံး
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး
ပြည်ထောင်စုရာထူးဝန်အဖွဲ့
နေပြည်တော်ကောင်စီ
တိုင်းဒေသကြီး / ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီအားလုံး
မြန်မာနိုင်ငံတော်ဗဟိုဘဏ်
အတွင်းရေးမှူး ၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
ညွှန်ကြားရေးမှူးချုပ်၊ ကုန်သွယ်ရေးဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ စားသုံးသူရေးရာဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ မူပိုင်ခွင့်ဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
ညွှန်ကြားရေးမှူးချုပ် } မြန်မာနိုင်ငံပြန်တမ်းတွင်
ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန } ထည့်သွင်းကြေညာပေးပါရန်
မြန်မာ့မော်တော်ယာဉ်ထုတ်လုပ်ရေးနှင့် ဖြန့်ဖြူးရောင်းချရေးလုပ်ငန်းရှင်များအသင်း
မြန်မာနိုင်ငံတရားဝင်အသိအမှတ်ပြုမော်တော်ယာဉ်ဖြန့်ဖြူးရောင်းချသူများအသင်း
ဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်
( ညီနောင်အသင်းများထံထပ်မံဖြန့်ဝေပေးပါရန် မေတ္တာရပ်ခံချက်ဖြင့် ပေးပို့ပါသည်။ )

အမိန့်အရ

( မင်းမင်း )
အမြဲတမ်းအတွင်းဝန်